- ဗုဒ္ဓဘာသာ လူဦးရေများဖို့ထက်
  ဒေါသနည်းတဲ့သူများဖို့ စိတ်ချမ်းသာတဲ့လူများဖို့
  ပိုပြီးတော့ ဂရုစိုက်တယ်
- ဗုဒ္ဓဘာသာမှာ အမျိုးသမီးတွေကို ခွဲခြားနှိမ့်ချဆက်ဆံမှုရှိသလား
- ဗုဒ္ဓဘာသာဝင်တွေ အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းတာ အဓိပ္ပါယ်ရှိသလား
- ကောင်းတာလုပ်ပေးရက်နဲ့ အကောင်းမထင်ရင်
  ခံစားရတဲ့စိတ်ကို ဘယ်လိုပြင်မလဲ
- အတင်းပြောချင်စိတ်ကို ဘယ်လိုဖျောက်မလဲ
- တရားထိုင်ပ႑ာနဲ့ ဘုရားစာရွတ်၊ ဥပုသ်စောင့်တာ ဘယ်ဟာပိုကောင်းလဲ
- ဗုဒ္ဓမြတ်စွာဘုရားက ဗီလိုဆိုဟာလား
- အောက်စဖို့ဒ်တက္ကသိုလ်နဲ့
  မြန်မာနိုင်ငံကကျောင်းတွေ ဘယ်အချက်ကွာခြားလဲ
- စာကျက်ရင်း စိတ်လွင့်သွားရင် ဘယ်လိုလုပ်ရမလဲ
- စာကို ဘယ်လိုကျက်ရမလဲ၊ စာကို ဘယ်လိုဖတ်ရမလဲ
- ဝေဖန်မှုတွေကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ရမလဲ
- လောကဓံဆိုးနဲ့ ကြုံဆုံခဲ့ရတဲ့ မိဘတွေကို
  ဘယ်လိုစောင့်ရှောက်ကြမလဲ ...

စသည့်မေးခွန်းများကို ရှင်းလင်းအဖြေပေးထားသည့် ဓမ္မလမ်းညွှန်ချက်များ။



## အမှာစာ

ဒီစာအုပ်ငယ်လေးဟာ ကျေးဇူးတော်ရှင် အောက်စဖို့ဒ်ဆရာတော်ရဲ့ တရားသင်တန်းများမှာ ထည့်သွင်းဟောကြားခဲ့တဲ့ အမေးအဖြေကဏ္ဍက မေးခွန်းနဲ့အဖြေတချို့ကို ပြန်လည်ပြီး ကောက်နုတ်ရေးသားပူဇော်ထားခြင်းဖြစ်ပါတယ်။

အဲဒီလို ပြန်လည်ကောက်နုတ်ပူဇော်ရာမှာ မေးခွန်းတွေက အများအတွက်ဖြစ်ရမယ်၊ တက္ကသိုလ်တွေမှာ ဒါမှမဟုတ် ကျောင်းသားကျောင်းသူတွေအတွက် ကျင်းပ ပြုလုပ်တဲ့တရားပွဲတွေ၊ တရားသင်တန်းတွေမှာ မေးမြန်းတဲ့မေးခွန်းတွေဖြစ်ရမယ်ဆိုတဲ့ အချက်နှစ်ခုကို အဓိကထားပြီးရေးသားခဲ့ပါတယ်။

စာစုတိုင်းကို ဆရာတော်ရှင်းလင်း အဖြေပေးတဲ့ စိတ်ကူးအယူအဆနဲ့ အချက်အလက်တွေကို အခြေခံပြီး အများနားလည်သဘောပေါက်လွယ်တဲ့ တင်ဆက်ပုံမျိုးဖြစ်အောင် ကြိုးစားပြီး ပြန်လည်ရေးသားထားတယ်။

ဆရာတော်က တချို့မေးခွန်းများကို ဖြေဆိုရာမှာ အချိန်ကိုငဲ့ပြီး တရားသင်တန်းမှာ ဟောကြားပို့ချပြီးသား အချက်အလက်တွေကို ပြန်လည် မိန့်ဆိုခြင်း မပြုတော့ဘဲ ရည်ညွှန်းချက်မျှ ပေးတာမျိုးရှိခဲ့ရင်လည်း အဲဒီရည်ညွှန်းချက်ကို ကျွန်တော်က ပြန်လည်ထည့်သွင်းရေးသားပေးထားပါတယ်။



စာဖတ်သူတွေ ပိုပြီးနားလည်သဘောပေါက်စေဖို့ ရည်ရွယ်ပြီး ပတ်သက်ဆက်စပ်တဲ့စာအုပ်များကို ရှာဖွေဖတ်မှတ် ရည်ညွှန်းကိုးကားပြီး အကြောင်းအရာအချို့ကိုလည်း ထပ်ပြီး ထည့်သွင်းရေးသားပေးထားပါတယ်။

ဒီစာအုပ်မှာပါဝင်တဲ့ စာစုတိုင်းက ဘာသာရေးနဲ့ပတ်သက်ပြီး လူငယ်တွေ သံသယဖြစ်နေတဲ့အကြောင်းအရာတွေ၊ မရှင်းမလင်းဖြစ်နေတဲ့ အကြောင်းအရာတွေနဲ့ အခက်အခဲဖြစ်နေတဲ့အကြောင်းအရာတွေကို ရှင်းလင်းအဖြေပေးထားတာဖြစ်လို့ လူငယ်တွေအတွက် အဓိကရည်ရွယ်တယ်လို့ ပြောလို့ရနိုင်ပါတယ်။ ကျွန်တော့်ဘက်က အထူးရည်ရွယ်တာကတော့ အောက်စဖို့ဒ်ဆရာတော် ရှင်းလင်းအဖြေပေးထားတဲ့ လမ်းညွှန်ချက်တွေကို မေးခွန်းမေးကြသူတွေတင်မဟုတ်ဘဲ အခြားသောသူတွေပါ လက်တွေ့ဘဝမှာ အသုံးချနိုင်ဖို့ပါပဲ။

ဒီစာအုပ်နဲ့ပတ်သက်ပြီး မဖြစ်မနေ ကျေးဇူးစကားဆိုရမှာကတော့ ဆရာတော်ရဲ့တရားသင်တန်းတွေကို စိတ်ဝင်တစားတက်ရောက်ပြီး အများအတွက်အကျိုးရှိမယ့် မေးခွန်းတွေကို မေးမြန်းခဲ့သူတွေပါ။ နောက်ပြီး ဆရာတော်ရဲ့ လူမှုကွန်ရက်စာမျက်နှာကနေတစ်ဆင့် ဆရာတော်ရဲ့တရားတော်တွေကို ဖြန့်ဝေပေးကြတဲ့ ဆရာတော်ရဲ့တပည့်ဒကာတွေလည်း အထူးကျေးဇူးတင်ရပါတယ်။ သူတို့တွေမရှိဘဲနဲ့လည်း ဒီစာအုပ်ငယ်လေး ဖြစ်လာစရာမရှိပါဘူး။

တရားနာယူကြသူတွေ သိလိုသမျှ မေးခွန်းတွေကို စိတ်ရှည်လက်ရှည်နဲ့ မေတ္တာ၊ ကရုဏာ၊ ဉာဏ်ပညာနဲ့ ဖြေဆိုပေးတဲ့ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိကိုလည်း များစွာကျေးဇူးတင်ရင်းက ရိုသေစွာဦးနိုက်ကန်တော့အပ်ပါတယ်။

အားလုံး ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာတရားရဲ့လမ်းပေါ်မှာ လျှောက်လှမ်းနိုင်ကြပါစေ။

ငြိမ်းချမ်းသာ

၁၈-၁၀-၂၀၂၀